ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂၁/၉၀)

၁၃၅၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) မြို့နယ်အသင်း ဆိုသည်မှာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းကို ဆိုသည်၊

(ခ) အသင်းခွဲ ဆိုသည်မှာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေး အသင်းခွဲကို ဆိုသည်၊

(ဂ) အသင်းသား ဆိုသည်မှာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲ များ၏ အသင်းသားများကို ဆိုသည်။

### အခန်း (၂)

### အသင်း၏ ရည်ရွယ်ချက်များ

၃။ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်—

(က) မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ အမြဲတမ်းအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းရန်၊

(ခ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းနှင့် အသင်းခွဲများအား မိခင်နှင့် ကလေး ကျန်းမာရေး၊ စောင့်ရှောက်ရေး အခြေခံပညာရပ်များကို စည်းရုံး ဖြန့်ဖြူးပေးရန်၊

( ဂ ) တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများ ပေးရန်၊

( ဃ ) ပြည်သူများအား လိုအပ်သည့်အခါ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများ ပေးရန်၊

( င ) မြို့နယ်အသင်းများနှင့် အသင်းခွဲများအချင်းချင်းပူးပေါင်း ဆောင်ရွက်ရမည့် လုပ်ငန်းများ ချောမောအဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

## အခန်း (၃)

## ဖွဲ့စည်းခြင်း

၄။ မိခင်နှင့် ကလေး စောင့်ရှောက် ရေး ဆိုင် ရာ အ သင်း များ ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

( က ) မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊

( ခ ) မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊

( ဂ ) မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ။

၅။ အသင်းခွဲကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာမြို့နယ်အသင်း၏ သဘောတူညီချက်ဖြင့်သာ ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းသည် ဗဟိုကောင်စီလည်း ဖြစ်သည်။

၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပေးရမည်—

( က ) အစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် (၁)ဦး၊ ဥက္ကဋ္ဌ

( ခ ) အစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် (၁၂)ဦး၊ အဖွဲ့ဝင်

( ဂ ) ပြည်နယ်/တိုင်း အသီးသီးမှ ကိုယ်စားလှယ် တစ်ဦးကျစီ ပေါင်း (၁၄) ဦး၊ အဖွဲ့ဝင်

( ဃ ) မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ ကိုယ်စားလှယ် (၂) ဦး၊ အဖွဲ့ဝင်

( င ) မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ် (၂) ဦး၊ အဖွဲ့ဝင်

( စ ) မြန်မာနိုင်ငံ သူနာပြုများအသင်းမှ ကိုယ်စားလှယ် (၂) ဦး၊ အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် အဖွဲ့ဝင်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းမှ ကိုယ်စားလှယ် (၁) ဦး၊

(ဇ) ကျန်းမာရေးဝန်ကြီးဌာနက ရွေးချယ် အဖွဲ့ဝင်ခန့်ထားသော စေတနာ့ဝန်ထမ်း လုပ်ငန်းများကို စိတ်ပါဝင်စားသူပုဂ္ဂိုလ် (၅)ဦး။

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှရွေးကောက်တင်မြှောက်ရမည်။

၉။ ဗဟိုကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ပုဒ်မ ၈ ပါ ပုဂ္ဂိုလ်များနှင့် ဗဟိုကောင်စီဝင်များက ရွေးကောက်တင်မြှောက်သော အမှုဆောင်အဖွဲ့ဝင် သုံးဦးတို့ဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုကောင်စီသည် အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင် ဗဟိုကောင်စီဝင်ဦးရေကို သတ်မှတ်ခြင်းနှင့် ရွေးချယ်ခန့်ထားခြင်း ပြုလုပ်နိုင်သည်။

၁၁။ ဗဟိုကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။ လိုအပ်ပါက မည်သည့်အချိန်တွင်မဆို အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၁၂။ ကျန်းမာရေးဝန်ကြီးဌာနသည် ပထမအကြိမ် ဗဟိုကောင်စီ အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၁၃။ မြို့နယ်အသင်းများ၊ အသင်းခွဲများ၏ အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံကို ယင်းအသင်းများ၊ အသင်းခွဲများက သင့်လျော်သလို သတ်မှတ်နိုင်ခွင့်ရှိသည်။

၁၄။ မြို့နယ်အသင်း၊ အသင်းခွဲ၏ အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ယင်းအသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၅။ မြို့နယ်အသင်း၏ အမှုဆောင်အဖွဲ့တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးအား အတိုင်ပင်ခံအရာရှိအဖြစ် ထည့်သွင်းဖွဲ့စည်းရမည်။

၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ၄ နှစ်ဖြစ်သည်။

၁၇။ မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပရမည်။ လိုအပ်ပါက မည်သည့်အချိန်တွင်မဆို အထူးအစည်းအဝေးများကို ကျင်းပနိုင်သည်။ ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသော အမှုဆောင်အဖွဲ့ဝင်နေရာများကို အစားထိုးခန့်ထားနိုင်သည်။

၁၈။ ဗဟိုကောင်စီဝင်များ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့ဝင်များသည် ပါတီ၊ နိုင်ငံရေးကင်းရှင်းသူများ ဖြစ်ရမည့်အပြင် နိုင်ငံသားများလည်း ဖြစ်ရမည်။

၁၉။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့များသည် သတ်မှတ်ထားသည့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၄)

### အသင်းသားဖြစ်ခြင်း၊ အသင်းသားအဖြစ်မှ ရပ်စဲခြင်း

၂၀။ မြို့နယ်အသင်းနှင့် အသင်းခွဲတွင် အောက်ပါအတိုင်း အသင်းသားအမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည်—

(က) သာမန်အသင်းသား၊

(ခ) ရာသက်ပန်အသင်းသား၊

(ဂ) ဂုဏ်ထူးဆောင်အသင်းသား။

၂၁။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ် ပါဝင်ရန် လျှောက်ထားနိုင်သည်—

(က) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ခြင်း၊

(ခ) ရူးသွပ်သူ မဟုတ်ခြင်း၊

(ဂ) သာသနာ့ဝန်ထမ်း မဟုတ်ခြင်း၊

(ဃ) ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး ပေးဆောင်နိုင်သူ ဖြစ်ခြင်း။

၂၂။ အသင်းသားအဖြစ် လက်ခံခြင်း၊ ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး၊ ရာသက်ပန်ကြေးတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၂၃။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရမည်—

(က) ဗဟိုကောင်စီက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ခ) ဗဟိုကောင်စီ၊ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲပိုင်ငွေ သို့မဟုတ် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဂ) ဗဟိုကောင်စီ၊ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ လုပ်ငန်းများကို ဟန့်တားခြင်း၊ ဖျက်သိမ်းခြင်း၊ နှောင့်ယှက်ခြင်း၊ ဗဟိုကောင်စီ သို့မဟုတ် သက်ဆိုင်ရာ အမှုဆောင်အဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်း။

၂၄။ အသင်းသားဖြစ်ခြင်းနှင့် အသင်းသားအဖြစ်မှ ရပ်စဲခြင်းကို သက်ဆိုင်ရာ မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲ၏ အမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။

၂၅။ ပုဒ်မ ၂၄ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကောင်စီသို့ အယူခံနိုင်သည်။

၂၆။ ပုဒ်မ ၂၅ အရ အယူခံသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဗဟိုကောင်စီက ချမှတ်သည့်ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၅)

## တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၇။ ဗဟိုကောင်စီသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်—

(က) မိမိ၏အမှုဆောင်အဖွဲ့ကို ရွေးကောက် တင်မြှောက်ခြင်း၊

(ခ) အသင်းသားများ လိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များကို သတ်မှတ်ခြင်း၊

(ဂ) မြို့နယ်အသင်းများနှင့် အသင်းခွဲများက ဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ငန်းများကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(ဃ) ကျန်းမာရေးဝန်ကြီးဌာနကခွင့်ပြုသော ဝန်ထမ်းဦးရေနှင့် သတ်မှတ်သော လစာနှုန်းများအရ ကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်း၊

(င) မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကိုယ်စား ပဋိညာဉ်များ၊ သဘောတူစာချုပ်များ ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းများကိုသတ်မှတ်ပေးခြင်း၊

(စ) အကျိုးတူ၊ ရည်ရွယ်ချက်တူ လုပ်ငန်းများကို ဆောင်ရွက်ကြသည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရရှိသည့်ရန်ပုံငွေများနှင့် ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်း၊

(ဆ) မိခင်နှင့်ကလေး စောင့်ရှောက်ရေးနှင့် သက်ဆိုင်သော အခြားကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၂၈။ ဗဟိုကောင်စီသည် ပုဒ်မ ၂၅ အရ တင်သွင်းလာသော အယူခံမှုများကို ဆုံးဖြတ်ရမည်။

၂၉။ ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့သည်—

(က) ဗဟိုကောင်စီ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် ပုံမှန်အစည်းအဝေးများ ကျင်းပချိန် မဟုတ်သည့်အခါ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ ပါ ဗဟိုကောင်စီ၏ တာဝန် ဝတ္တရားများကို တာဝန်ခံ ဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ဗဟိုကောင်စီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်၊

(ခ) ဗဟိုကောင်စီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(ဂ) မြို့နယ်အသင်းများနှင့် အသင်းခွဲများ၏ လုပ်ငန်းများကို အထောက်အကူ ပြုရမည်၊

(ဃ) ဗဟိုကောင်စီက အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၆)

### ဘဏ္ဍာရေး

၃၀။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည်—

(က) မိမိ ရန်ပုံငွေဖြင့် ရပ်တည်ရမည်၊

(ခ) ရငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရမည်။ ဘဏ်ရှိငွေများကို မိခင်နှင့် ကလေးစောင့်ရှောက်ရေး လုပ်ငန်းများအတွက် လိုအပ်ပါက သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် ငွေစုလက်မှတ် ဝယ်ယူနိုင်သည်၊

(ဂ) ငွေစာရင်းများကို စနစ်တကျ ထားရှိခြင်းနှင့် ထိန်းသိမ်းခြင်း ပြုရမည်၊

(ဃ) ရန်ပုံငွေ ရှာဖွေခြင်း၊ ငွေကြေးသုံးစွဲခြင်း၊ သုံးစွဲခွင့်ရယူခြင်း တို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(င) ဘဏ္ဍာရေးနှစ်အတွင်း ရငွေသုံးငွေစာရင်းများကို အကျိုးဆောင်စာရင်းစစ်အား စစ်ဆေးစေခြင်း၊ စာရင်းရှင်းတမ်းကို ရေးဆွဲပြုစုစေခြင်း ပြုရမည်။

၃၁။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ စာရင်းများထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာစာရင်းရုံး၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၃၂။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ ဘဏ္ဍာရေးနှစ်သည် အစိုးရ၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

## အခန်း (၇)

### အထွေထွေ

၃၃။ ဤဥပဒေနှင့်အညီ ဖွဲ့စည်းသော မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့မှအပ ယင်းအသင်းများ၏အမည်ကိုသော်လည်းကောင်း၊ အလားတူ အမည်ကိုသော်လည်းကောင်း သုံးစွဲ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခြင်း မပြုရ။

၃၄။ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီးသည် ကိုယ်ပိုင်အမည်၊ တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

၃၅။ အသင်းသားတို့ လိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်ဝတ်များသည်လည်းကောင်း၊ စည်းကမ်းနှင့် ကျင့်ဝတ်ဖောက်ဖျက်သူ အသင်းသားများအား စီမံအရေးယူခြင်းဆိုင်ရာ ကိစ္စများသည်လည်းကောင်း ဗဟိုကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၆။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စအတွက် ဗဟိုကောင်စီဝင်များကိုလည်းကောင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင် အဖွဲ့ဝင်များကိုလည်းကောင်း တရားမကြောင်းဖြင့် ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့် ဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၃၇။ ကျန်းမာရေး ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပြီးကြောင်း တင်ပြထားသည့် မြို့နယ်အသင်းနှင့် အသင်းခွဲတို့သည် ဤဥပဒေအရ ဖွဲ့စည်းသည့် မြို့နယ်အသင်းနှင့် အသင်းခွဲများဖြစ်သည်ဟု ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် မှတ်ယူရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေး ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဗဟိုကောင်စီသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) စောမောင်

ဗိုလ်ချုပ်မှူးကြီး၊

ဥက္ကဋ္ဌ၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၂/၉၃)

ရန်ကုန်မြို့၊ ၁၃၅၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ [illegible] ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေတွင်—

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၊ မိသားစုများ၏ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ခုကိုဖွဲ့စည်းရန်၊

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "ပြည်သူများ" ဆိုသည့်စကားရပ်အစား "မိသားစုများ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်၊

(ဂ) အောက်ပါကို ပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အဖြစ် ဖြည့်စွက်ရမည်—

(စ) မိခင်၊ ကလေး စောင့်ရှောက်ရေးလုပ်ငန်းများနှင့် မိသားစုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(ဃ) ပုဒ်မ ၇ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၇-က အဖြစ် ဖြည့်စွက်ရမည်—

၇-က။ ပြည်နယ်၊ တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး အသီးသီးသည် ဗဟိုကောင်စီတွင် ရာထူးအလျောက် အဖွဲ့ဝင်ဖြစ်စေရမည်။

( င ) ပုဒ်မ ၂၁ တွင် ပါရှိသော "အောက်ပါသတ်မှတ်ချက်များ" ဆိုသည့် စကားရပ်ရှေ့တွင် "လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှု မရှိစေဘဲ" ဆိုသည့် စကားရပ်ကို ထည့်သွင်း ရမည်၊

( စ ) အောက်ပါကို ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက် ရမည်—

(ဂ) ပြည်နယ်၊ တိုင်းအသီးသီးတွင် ပြည်နယ်၊ တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်သော စုစုပေါင်း အဖွဲ့ဝင် ၅ ဦးအထိပါဝင် သည့် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ဆ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မခွဲ (ဃ) နှင့် (င) တို့အဖြစ် အသီးသီး ပြန်လည် အမှတ်စဉ်ရမည်၊

(ဇ) ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) အမြတ်အစွန်းကို မရည်ရွယ်သည့် အဖွဲ့အစည်း အဖြစ်ဆောင်ရွက်ရမည့်အပြင် မိမိရန် ပုံငွေ ဖြင့် ရပ်တည်ရမည်၊

(ဈ) ပုဒ်မ ၃၀ အောက်တွင် အောက်ပါကို ပုဒ်မ ၃၀–က အဖြစ် ဖြည့်စွက်ရမည်—

၃၀–က။ ဗဟိုကောင်စီသည် မိမိပိုင် နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ မိခင်၊ ကလေးနှင့် မိသားစုစောင့်ရှောက်ရေးလုပ်ငန်း အတွက် တည်ဆဲ စည်းမျဉ်းစည်းကမ်းများနှင့် အညီ သုံးစွဲခွင့်ရှိသည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
## **မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၃၅ / ၂၀၁၀ )

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မ ၇-က၊ ပုဒ်မ ၈နှင့် ပုဒ်မ ၉ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

(က) အစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ်တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) အစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် ၁၀ ဦး၊ — အဖွဲ့ဝင်

(ဂ) ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၁၄ ဦး၊ — အဖွဲ့ဝင်

(ဃ) နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ — အဖွဲ့ဝင်

(င) စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ ငါးဦး။ — အဖွဲ့ဝင်

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၉။ ဗဟိုကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီ ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်းလည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးကောက်တင်မြှောက်သော အခြားဗဟိုကောင်စီဝင်လေးဦးသည် အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်။"

၃။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၃။ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ် တစ်ဦးနှင့် အဖွဲ့ဝင် သုံးဦးတို့ ပါဝင်စေလျက် စုစုပေါင်း ခုနစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

၁၄။ မြို့နယ်အသင်း၏ အမှုဆောင်အဖွဲ့တွင်-

(က) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၏ ဇနီးကဖြစ်စေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး၌ ဇနီးမရှိလျှင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူးက တာဝန်ပေးအပ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိတစ်ဦး၏ ဇနီးကဖြစ်စေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

(ခ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဇနီးက ဖြစ်စေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၌ ဇနီးမရှိလျှင် မြို့နယ်အသင်းဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် မြို့နယ်အဆင့်ကျန်းမာရေးဘက် ဆိုင်ရာ ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ဇနီးက ဖြစ်စေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက် ရမည်။

(ဂ) မြို့နယ်ပညာရေးမှူး၏ ဇနီးကဖြစ်စေ၊ မြို့နယ်ပညာရေးမှူး၌ ဇနီးမရှိလျှင် မြို့နယ်အသင်းဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ပညာရေးဝန်ထမ်းတစ်ဦး၏ ဇနီးကဖြစ်စေ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရမည်။

(ဃ) မြို့နယ်အသင်းဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသော အမျိုးသမီးများက ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အဖွဲ့ဝင်နှစ်ဦးတို့အဖြစ် ဆောင်ရွက်ရမည်။

၁၅။ အသင်းခွဲ၏ အမှုဆောင်အဖွဲ့တွင်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီးကဖြစ်စေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၌ ဇနီးမရှိလျှင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် သင့်လျော်သော အမျိုးသမီးတစ်ဦးကဖြစ်စေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

(ခ) အသင်းခွဲဥက္ကဋ္ဌကတာဝန်ပေးအပ်သည့် သင့်လျော်သူများက အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အဖွဲ့ဝင် သုံးဦးတို့အဖြစ် ဆောင်ရွက်ရမည်။"

၄။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၉ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) ပြည်နယ်၊ တိုင်းအသီးသီးတွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး၏ ဇနီးကဖြစ်စေ၊ ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၌ ဇနီးမရှိလျှင် ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးက တာဝန်ပေးအပ်သည့် ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ

အဆင့်မြင့် အရာရှိတစ်ဦး၏ ဇနီးကဖြစ်စေ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ အခြားသင့်လျော်သော အမျိုးသမီး လေးဦးက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ငါးဦးဖြင့် ပြည်နယ်၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။"

(ခ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဃ) နေပြည်တော်တွင် နေပြည်တော်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး၏ ဇနီးကဖြစ်စေ၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၌ ဇနီးမရှိလျှင် နေပြည်တော်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးက တာဝန်ပေးအပ်သည့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦး၏ ဇနီးကဖြစ်စေ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သော အမျိုးသမီး လေးဦးက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ငါးဦးဖြင့် နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ယင်းတို့တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ် ပေးရမည်။"

(ဂ) ပုဒ်မခွဲ (ဃ) နှင့် (င) တို့ကို ပုဒ်မခွဲ (င) နှင့် (စ) တို့အဖြစ် အသီးသီး ပြန်လည်အမှတ်စဉ်ရမည်။

၅။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၉ ၏ နောက်တွင် ပုဒ်မ ၂၉-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၉-က။ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့သည် ခရိုင်အသီးသီးတွင် သက်ဆိုင်ရာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး၏ ဇနီးကဖြစ်စေ၊ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၌ ဇနီးမရှိလျှင် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးက

တာဝန်ပေးအပ်သည့် သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ဇနီးကဖြစ်စေ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သော အမျိုးသမီး လေးဦးက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ငါးဦးဖြင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ခေတ်ညီပြင်ဆင်ပြုစုထားသည့်
ဖြစ်သောဥပဒေကြောင်း ၁၈/၂၂

# ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ(ဃ)နှင့် (င)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“ (ဃ) **ဗဟိုကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို ဆိုသည်။

(င) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ဆိုသည်။ ”

၃။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၌ ပါရှိသော “ မိမိ၏ အလုပ်အမှုဆောင်အဖွဲ့ ” ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၉ ၌ ပါရှိသော “ ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့ ” ဆိုသည့် စကားရပ်တို့ကို “ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“ ၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် တစ် ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် ၁၄ ဦး | အဖွဲ့ဝင် |

အတည်ပြုသည့်ဥပဒေမူရင်း ဖြစ်ပါသည်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၁၄ ဦး — အဖွဲ့ဝင်

(ဃ) နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ — အဖွဲ့ဝင်

(င) စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ ငါး ဦး — အဖွဲ့ဝင်

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှ အပ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့ အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်း လည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြားဗဟိုကောင်စီဝင် ခုနှစ်ဦးသည် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင် နာယကများကို သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်။ ”

၅။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ ဇနီးက ဖြစ်စေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၌ ဇနီး မရှိလျှင် မြို့နယ်အသင်း ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် မြို့နယ်အဆင့် ကျန်းမာရေးဘက်ဆိုင်ရာ ပြန်တမ်းဝင် အရာရှိတစ်ဦး၏ ဇနီး သို့မဟုတ် မြို့နယ်အသင်း ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသော ပြင်ပ ဆရာဝန်တစ်ဦးက ဖြစ်စေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ ”

၆။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“ ၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။ ”

၇။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ "

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။)
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ) နှင့် (င)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ဗဟိုကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဗဟိုကောင်စီကို ဆိုသည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကိုဆိုသည်။"

၃။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၌ ပါရှိသော "မိမိ၏ အလုပ်အမှုဆောင်အဖွဲ့" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉ ၌ ပါရှိသော "ဗဟိုကောင်စီ၏ အမှုဆောင်အဖွဲ့" ဆိုသည့်စကားရပ်တို့ကို " ဗဟိုအလုပ်အမှုဆောင်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ်တစ်ဦး — ဥက္ကဋ္ဌ
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် ၁၄ ဦး — အဖွဲ့ဝင်
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၁၄ ဦး — အဖွဲ့ဝင်
(ဃ) နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ — အဖွဲ့ဝင်
(င) စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူငါးဦး — အဖွဲ့ဝင်

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက် ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်း လည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သောအခြားဗဟိုကောင်စီဝင်ခုနစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူးဆောင်နာယကများကို သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်။"

၅။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစား ထိုးရမည်-

"(ခ) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ဇနီးကဖြစ်စေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၌ ဇနီးမရှိလျှင် မြို့နယ်အသင်းဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် မြို့နယ်အဆင့် ကျန်းမာရေးဘက်ဆိုင်ရာပြန်တမ်းဝင် အရာရှိတစ်ဦး၏ ဇနီး သို့မဟုတ် မြို့နယ်အသင်းဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် စေတနာ့ဝန်ထမ်း လုပ်ငန်းကို စိတ်ပါဝင်စားသော ပြင်ပဆရာဝန်တစ်ဦးကဖြစ်စေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရ မည်။"

၆။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၁၆ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့သက်တမ်းသည် ငါးနှစ်ဖြစ် သည်။"

၇။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေထုတ်ပြန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို
ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၃)
၁၃၆၄ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၆ ရက်
(၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေတွင်–

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ)၌ ပါရှိသော "ကိုယ်စားလှယ်တစ်ဦးကျစီ၊ ပေါင်း ၁၄ ဦး" ဆိုသည့် စကားရပ်ကို "ကိုယ်စားလှယ်တစ်ဦးကျစီ၊ ပေါင်း ၁၆ဦး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၉ ၌ ပါရှိသော "အမှုဆောင်အဖွဲ့ဝင် သုံးဦး" ဆိုသည့် စကားရပ်ကို "အမှုဆောင်အဖွဲ့ဝင် ခုနစ်ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ)၌ပါရှိသော "အဖွဲ့ဝင် ငါးဦး" ဆိုသည့်စကားရပ်ကို "အဖွဲ့ဝင် ခုနစ်ဦး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ